# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 15 , 2022 | Volume 58, Number 11


**၁၅.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၈၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၉၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၈၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၃.၀၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



Source: myantrade.gov.mm

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့၊ (၀၈:၃၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းမှာကြားခြင်းနှင့် ဝန်ကြီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ (၆) လပတ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့ပြီး ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အား (Engine of Growth) ဖြစ်သည့်အတွက် အားလုံးအကျိုးခံစားရသော ကုန်သွယ်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး (Inclusive trade for national development) ကို ဝန်ကြီးဌာန၏ မျှော်မှန်းချက်အဖြစ်ထားရှိပြီး ဆောင်ရွက်ရေးနှင့် ယင်းမျှော်မှန်းချက်နှင့်အညီ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်

လုပ်ငန်းစဉ်များချမှတ်ရေး၊ မြန်မာ့ထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်ရေးနှင့် အရေအတွက်တိုးမြှင့် တင်ပို့နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်း များနှင့် ကိုက်ညီပြီး ရှင်းလင်းလွယ်ကူမှုရှိစေရေးနှင့် မိမိနိုင်ငံ၏ အကျိုးစီးပွားကိုကာကွယ်ပြီး ဈေးကွက်များပိုမိုရရှိရေး၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ဦးညွန့်အောင်က လက်ရှိကုန်သွယ်မှုအခြေအနေများ၊ မိမိတို့ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းကော်မတီများနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအား မှာကြားခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များအား ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ တာဝန်ရှိသူ (၈၄) ဦး တက်ရောက်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး (၄၀) ဦးတို့မှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

Source: myantrade.gov.mm

## ယခုနှစ်တွင် မျှင်ကောင် ဖမ်းယူရရှိချိန်စော၍ မျှင်ငါးပိ စတင်ထုတ်လုပ်နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ်တွင် ယခင်နှစ်များကထက် မျှင်ငါးပိထုတ်လုပ်သည့် မျှင်ကောင်ဖမ်းယူရရှိချိန်စော၍ ယခုလမှစတင်ကာ မျှင်ငါးပိထုတ်လုပ်နေကြောင်း မြိတ်မြို့နယ်မှ မျှင်ငါးပိထုတ်လုပ်သူများ၏ ပြောကြားချက်အရသိရသည်။

"ဒီလတွေထဲမှာ မျှင်ကောင်စတင်ဖမ်း ယူရရှိပါတယ်။ ဒီနှစ်က အရင်နှစ်တွေကထက် မိုးနည်းတော့ မျှင်ကောင်လေးတွေပိုမိုရရှိတယ်။ နှစ်တိုင်း မိုးအားကောင်းတော့ ဒီအချိန်ဆိုရင် မျှင်ကောင်ဖမ်းလို့မရဘူး။ ဒီနှစ်က မျှင်ကောင်ရရှိတာများပြီးစောတဲ့ အတွက် ငါးပိထုတ်တာလည်း စောတယ်"ဟု မြိတ်မြို့နယ်မှ မျှင်ငါးပိထုတ်လုပ်သူတစ်ဦးကပြောသည်။

မိုးရာသီတွင် မျှင်ကောင်မရသည့်အတွက် မျှင်ငါးပိထုတ်လုပ်မှုကို ရပ်နားလေ့ရှိကာ မျှင်ငါးပိထုတ်လုပ်ရန် လိုအပ်သည်များကို ပြင်ဆင်ကြပြီး နိုဝင်ဘာလတွင် မျှင်ကောင်များ ဖမ်းဆီးရရှိသည့်အတွက် မျှင်ငါးပိထုတ်လုပ်သည့်လုပ်ငန်းကို စတင်ကြောင်း၊ လက်ရှိတွင် မြိတ်မြို့နယ်၌ ငါးပိချော တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ရရှိပြီး ငါးပိကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ရရှိကြောင်းနှင့် မြိတ်မြို့နယ်မှထွက်ရှိသော ငါးပိများကို ရန်ကုန်မြို့သို့တင်ပို့ပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားမြို့များသို့ ပြန်လည်ဖြန့်ဖြူးကြောင်း သိရသည်။

**Source: Myawaddy .net.mm**

## ကဏန်းဈေးကွက် ဝယ်လိုအားကောင်းနေသောကြောင့် ဖမ်းဆီးရောင်းချသူများ ဝင်ငွေရရှိ

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ယခုအခါ ကဏန်းညိုနှင့် ဝသုံးလုံးကဏန်းများ အရောင်းအဝယ်ကောင်းနေပြီး ဈေးကွက်ခိုင်မာနေသောကြောင့် တစ်နိုင်တစ်ပိုင် ကဏန်းဖမ်းဆီးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကဏန်းမြိုးထောင်တဲ့နေရာမှာ ကဏန်းညိုတွေကို အဓိကဖမ်းဆီးရမိပြီး ဈေးနှုန်းတွေကတော့ ကဏန်းညိုအလေးချိန် ခြောက်ကျပ်သားအထက်ကို တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဈေးအထိရှိပြီး ခြောက်ကျပ်သားအောက်ကို တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးနဲ့ ရောင်းချရပါတယ်။ ပိုက်ချဖမ်းဆီးခြင်းကိုတော့ ပင်လယ်ပြင်မှာပဲလုပ်ရပြီးတော့ အများဆုံးဖမ်းဆီးရမိတဲ့ ကဏန်းတွေက ဝသုံးလုံးကဏန်းနဲ့ ပန်းကဏန်း အမျိုးအစားတွေဖြစ်ပါတယ်။

ဈေးနှုန်းတွေအနေနဲ့ကတော့ ဝသုံးလုံးကဏန်း တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ဈေးထိရှိပြီးတော့ ပန်းကဏန်း တစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ဈေးထိရှိပါတယ်။ ယခုရက်ပိုင်းမှာ ကဏန်းဖမ်းဆီး ရမိမှုများနေတာကြောင့် ကဏန်းထောင်သူတစ်ဦးလျှင် တစ်ရက်ကို ငွေကျပ် ၁၀၀၀၀ ကျော်လောက်ရရှိပါတယ်"ဟု ကဏန်းဖမ်းဆီးရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ဦး က ပြောသည်။

အဆိုပါ ကဏန်းများကို ဟိုင်းကြီးကျွန်းမြို့အနီး မြစ်ချောင်းများနှင့် ပင်လယ်ပြင်အတွင်းမှ ဖမ်းယူရရှိပြီး တစ်နေ့ထွက်ကုန်အလေးချိန် ပိဿာ ၃၀၀ ခန့်ရှိကာ ကျေးရွာအဝယ်ဒိုင်များမှတစ်ဆင့် လပွတ္တာ၊ ချောင်းသာ၊ ပုသိမ်နှင့်ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း သတင်းရရှိသည်။

**Source: Myawaddy .net.mm**

## အာရှဒေသမှ ငှက်ပျောသီးတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစုကျဆင်း

အာရှဒေသမှ ငှက်ပျောသီးတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ တင်ပို့မှုဈေးကွက်ဝေစု ကျဆင်းခဲ့ကြောင်းသိရပါသည်။ ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောသီးတင်ပို့သူဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ တင်ပို့မှုဈေးကွက်ဝေစုမှာ ယခင်နှစ်တွင် (၉၀) ရာခိုင်နှုန်းရှိခဲ့ရာမှ ဒေသတွင်း ငှက်ပျောသီးစိုက်ပျိုး ထုတ်လုပ်သည့်နိုင်ငံများ၏ ယှဉ်ပြိုင်မှုတိုးတက်လာခြင်းကြောင့် ၂၀၂၁ ခုနှစ်တွင် (၆၀) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောတင်ပို့မှုသည် ယခင်နှစ် မက်ထရစ်တန်ချိန် (၃.၈) သန်းမှ ၂၀၂၁ ခုနှစ်တွင် (၂.၄) သန်းသို့ ကျဆင်းခဲ့ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ချက်အရ (၃၇) ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization– FAO) ၏ ငှက်ပျောသီးဈေးကွက်သုံးသပ်ချက်အစီရင်ခံစာက ဖော်ပြပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါနှင့် ပနားမား ပင်ညှိုးရောဂါ (Panama disease/Fusarium Wilt) တို့၏ ရိုက်ခတ်မှုဒဏ်ခံရခြင်း၊ ဟာရီကိန်းမုန်တိုင်းကြောင့် လေလွင့်ဆုံးရှုံးမှုနှင့် သွင်းအားစုစရိတ်မြင့်မားခြင်းတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုပိုင်း၌ အခက်အခဲများရှိနေစဉ်တွင် ဒေသတွင်းငှက်ပျောသီး ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် အာရှဒေသ၏ ငှက်ပျောသီး အဓိကတင်ပို့သူအဖြစ် ၎င်း၏ရပ်တည်မှုမှာ လှုပ်ခတ်လျက်ရှိသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO က ဆိုပါသည်။

ဖိလစ်ပိုင်ရှိ အသေးစားငှက်ပျော စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် တင်ပို့သည့်ဈေးကွက်၏ အရည်အသွေးလိုအပ်ချက်နှင့် ကိုက်ညီအောင်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန်ခက်ခဲသဖြင့် ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံမှ ငှက်ပျောသီးတင်ပို့မှုအတွက် အဓိကဈေးကွက်များဖြစ်ကြသော တရုတ်နှင့် ဂျပန်နိုင်ငံတို့က အရည်အသွေးပိုင်းနှင့်ပတ်သက်၍ စိုးရိမ်မှုကြောင့် small producers များထံမှ အမှာစာများကို လျှော့ချခဲ့ကြသည်ဟု သိရပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုအခက်အခဲများအပြင် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည့်အခြေအနေများကြောင့် အာရှဒေသမှ ငှက်ပျောတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစုတည်မြဲရေးအပေါ် စိန်ခေါ်မှုများရှိနေပါသည်။ တရုတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ငှက်ပျောဝယ်လိုအားကောင်းမွန်နေသဖြင့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် ငှက်ပျောစိုက်ပျိုးမှုတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန်ရှိနေကြောင်း FAO က ဆိုပါသည်။

အာရှဒေသမှ ငှက်ပျောတင်ပို့မှုတွင် ဖိလစ်ပိုင်၏ ဈေးကွက်ဝေစုကျဆင်းခဲ့စေကာမူ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင်လည်း ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောတင်ပို့သူအဖြစ် (၄) နှစ်ဆက်တိုက် ရပ်တည်ခဲ့ကြောင်း သိရပါသည်။

**Source: businessmirror.com.ph**

**ကျော်စိန်ဝင်း (MYANTRADE)**

## ထိုင်းနိုင်ငံ၌ ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန် (Diesel Excise Tax) လျှော့ပေါ့ကောက်ခံပေးမှုအား ဆက်လက်ခွင့်ပြုသွားဖွယ်ရှိ

ထိုင်းနိုင်ငံ၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုအား ထိန်းသိမ်းနိုင်ရန်အတွက် ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန်အား ဇူလိုင်လ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ လျှော့ပေါ့ပေးထားခဲ့ပြီး ထိုင်းနိုင်ငံအစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်ကုန်ဆုံးသည်အထိ ဆက်လက်ခွင့်ပြုပေးသွားရန် စဉ်းစားလျက်ရှိပါသည်။

ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန (Finance Ministry) အနေဖြင့် နိုင်ငံသားများ၏ နေထိုင်မှုစရိတ်သက်သာစေရန်အတွက် ယခုနှစ် ၂၀၂၂ ခုနှစ်ကုန်ဆုံးသည်အထိ ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန်လျှော့ပေါ့ပေးထားမှု (Diesel Excise Tax Reduction) အား ဆက်လက်ခွင့်ပြုပေးသွားရန် နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ တင်ပြသွားနိုင်ရေးစီစဉ်လျက်ရှိသည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန် (Diesel Excise Tax) တစ်လီတာလျှင် ထိုင်းဘတ်ငွေ ၅ ဘတ်လျှော့ပေါ့ပေးထားမှုအား ၂၀၂၂ ခုနှစ်ကုန်ဆုံးသည်အထိ ဆက်လက်ခွင့်ပြုပေးသွားရန်နှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်နေသည့် ယခုလများအတွင်း တစ်လီတာလျှင် ထိုင်းငွေ ၃ ဘတ်အား ထပ်မံလျှော့ချပေးနိုင်မည့် အခြားနည်းလမ်းတစ်ခုကိုလည်း စဉ်းစားလျက်ရှိပါသည်။ ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန်လျှော့ပေါ့ပေးထားမှု (Diesel Excise Tax Reduction) တစ်လီတာလျှင် ထိုင်းဘတ်ငွေ ၅ဘတ်အား ဇူလိုင်လ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ ၂ လတာမျှ ဆက်လက် လျှော့ပေါ့ကောက်ခံပေးသွားမည်ဟုပြီးခဲ့သည့် ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို သက်သာစေရန်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ဒီဇယ်ဆီတစ်လီတာလျှင် ထိုင်းဘတ်ငွေ ၃ ဘတ်အား ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ မေလ ၂၀ ရက်နေ့အထိ လျှော့ပေါ့ကောက်ခံသွားရန်ဆုံးဖြတ်ခဲ့ပါသည်။ မကြာသေးမီက ထိုင်းနိုင်ငံအစိုးရအနေဖြင့် နိုင်ငံသားများ၏ နေထိုင်မှုစရိတ်မြင့်တက်လာမှုအား သက်သာစေရန် စွမ်းအင်ဈေးနှုန်း မြင့်တက်မှုများနှင့်စပ်လျဉ်း၍ အခွန်လျှော့ပေါ့ပေးမှုဆိုင်ရာ လုပ်ဆောင်ချက်များကို ၂၀၂၂ ခုနှစ်၊ တစ်နှစ်တာလုံး ဆက်လက်လုပ်ဆောင်ပေးသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Arkhom Termpittayapaisith က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ယခုနှစ်အတွင်း ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန်လျှော့ပေါ့ပေးထားမှု (Diesel Excise Tax Reduction) သုံးကြိမ်အထိရှိခဲ့ပြီး တန်ဖိုးအားဖြင့် ထိုင်းဘတ်ငွေ ၆၈ ဘီလီယံခန့် ကျခံသုံးစွဲပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ဆက်လက်လျှော့ပေါ့ပေးပါက ထိုင်းနိုင်ငံအစိုးရမှ ဒီဇယ်ဆီအတွက် ကျခံသုံးစွဲပေးမှုသည် တန်ဖိုးအားဖြင့် ထိုင်းဘတ်ငွေ ၁၀၀ ဘီလီယံနီးပါးရှိလာမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအစိုးရ၏ ၂၀၂၂ ခုနှစ်အတွက် စုစုပေါင်းအခွန်ကောက်ခံမှုသည် ၎င်းရည်မှန်းချက်ထားရှိသော ထိုင်းဘတ်ငွေ ၄၀-၅၀ ဘီလီယံ ထက်ကျော် လွန်မည်ဟုခန့်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံ၊ ယစ်မျိုးဦးစီးဌာန (Excise Department) ၏ ညွှန်ကြားရေးမှူးချုပ် Ekniti Nitithanprapas က နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကျခံပေးထားသည့် ဒီဇယ်ဆီများကို တရားမဝင်ပြန်လည်ရောင်းချမှုများပြုလုပ်ပါက ထိရောက်စွာစစ်ဆေးအရေးယူသွားမည်ဖြစ်ပါသည်။ ဌာနအနေဖြင့် ငါးဖမ်း စက်လှေများအတွက် အသုံးပြုရန်ဝယ်ယူသည့် ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန် (Excise Tax) နှင့် တန်ဖိုးမြင့်အခွန် (Value-Added Tax) စုစုပေါင်းတစ်လီတာလျှင် ထိုင်းဘတ်ငွေ ၁၀ ဘတ်လျှော့ပေါ့ပေးထားပါသည်။

ထိုင်းနိုင်ငံအစိုးရမှ ကျခံသုံးစွဲပေးထားသော ဒီဇယ်ဆီများအား ပြန်လည်၍မှောင်ခိုရောင်းချမှုများ ဖြစ်ပွားမှုမရှိစေရန်အတွက် ဒီဇယ်ဆီဝယ်ယူထားသည့် ငါးဖမ်းစက်လှေများအား ဂြိုလ်တုနှင့်ချိတ်ဆက်၍ ၎င်းတို့၏တည်နေရာကို တွေ့မြင်နိုင်စေရန် စီမံထားရှိကြောင်းနှင့် အဆိုပါဈေးနှုန်းသက်သာသည့် ဒီဇယ်ဆီသုံးစွဲမှုသည် တစ်နှစ်လျှင် စုစုပေါင်းလီတာ ၆၀၀ သန်းရှိပြီး ထိုင်းနိုင်ငံအစိုးရအနေဖြင့် နှစ်စဉ် ထိုင်းဘတ်ငွေ ၄ ဘီလီယံ အကုန်အကျခံပေးထားပါသည်။

**(ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**

**Source: Viet Nam News**

## ဆော်ဒီအာရေဗီးယားနိုင်ငံက သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အများစုကို ပြည်ပမှတင်သွင်း

ကမ္ဘာ့ဈေးကွက်တွင် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို အဓိကတင်သွင်းသူ (leading importer) ဖြစ်သည့် ဆော်ဒီအာရေဗီးယားနိုင်ငံသည် ၎င်း၏ဈေးကွက်ရှိ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ၏ (၇၂.၄) ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းခဲ့ကြောင်း သိရပါသည်။ Euromonitor ၏ အချက်အလက်များအရ ဆော်ဒီအာရေဗီးယားနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကွက်မှာ အမေရိကန်ဒေါ်လာ (၂) ဘီလျံခန့်ရှိပြီး အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့၌ အဆင့် (၄) နေရာတွင် ရပ်တည်နေပါသည်။

သို့ရာတွင် ၂၀၂၂ ခုနှစ်အတွင်း ဆော်ဒီအာရေဗီးယားနိုင်ငံသည် ပြည်တွင်း၌ထုတ်လုပ်သည့် ထွက်ကုန်များအား ပြည်ပမှတင်သွင်းမှုအပေါ် အခွန်နှုန်းထားများ မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ခရမ်းသီး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ဖရဲသီး၊ သခွားမွှေး၊ မုန်လာဥနီစသည့် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်သွင်းကုန်များအပေါ် အခွန်နှုန်းထား (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့ကြောင်းသိရပါသည်။


၂၀၂၁ ခုနှစ်တွင် စပိန်နိုင်ငံသည် ဆော်ဒီအာရေဗီးယားနိုင်ငံသို့ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တန်ချိန် (၅၀၁၁၅)၊ တန်ဘိုးအားဖြင့် ယူရို (၅၆.၅) သန်းဖိုးတင်ပို့ခဲ့ရာ ဆော်ဒီဈေးကွက်သည် စပိန်နိုင်ငံအတွက် ဥရောပပြင်ပ၌ အရေးအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်လာခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် World Fresh Forum တွင် ဆော်ဒီအာရေဗီးယား နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ဈေးကွက်အလားအလာနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဖိုရမ်တွင် ဆော်ဒီအာရေဗီးယား၊ ဗီယက်နမ်၊ ကနေဒါနှင့်ယူအေအီးနိုင်ငံဈေးကွက်များကို အဓိကထား ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရပါသည်။

**Source:** https://www.freshplaza.com/, fepex.es

**ကျော်စိန်ဝင်း (MYANTRADE)**

## ယူရိုဇုန်အတိုးနှုန်း ထပ်မံတိုးမြှင့်




European Central Bank (ECB) သည် ယူရိုဇုန်အတိုးနှုန်းကို ၀.၇၅ပွိုင့်အထိ ၈.၉.၂၀၂၂ ရက်ကတိုးမြှင့်လိုက်ပါသည်။ ယူရိုဇုန်ဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဇူလိုင်လတွင် ၈.၉ ရာခိုင်နှုန်းမှ ဩဂုတ်လတွင် ၉.၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီးနောက် ECB က အတိုးနှုန်းထပ်မံမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုတိုးမြှင့်ခြင်းသည် ဇူလိုင်လအတွင်းက ၀.၅၀ ပွိုင့်တိုးမြှင့်ခဲ့ပြီး နောက်ပိုင်း ဒုတိယအကြိမ်တိုးမြှင့်ခြင်းဖြစ်ပါသည်။ ECB တွင် အဖွဲ့ဝင် (၂၅) ဦး ရှိပြီး မူလရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းထက် များစွာမြင့်မားနေခြင်းကြောင့် ဆက်လက်၍ အတိုးနှုန်းများကို တိုးမြှင့်ဖွယ်ရှိကြောင်း ECB က ထုတ်ပြန်ခဲ့ပါသည်။ ယခုတိုးမြှင့်လိုက်မှုအရ အပ်ငွေပေါ်အတိုးနှုန်း ၀.၇၅ ရာခိုင်နှုန်းဖြစ်ပြီး ဘဏ်ချေးငွေပေါ်အတိုးနှုန်းမှာ ၁.၂၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ဈေးနှုန်းများမြင့်တက်မှုသည် စွမ်းအင်ဈေးနှုန်းများအပြင် စားသောက်ကုန်နှင့်အခြားကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဈေးနှုန်းများအားလုံး မြင့်တက်လာမှုကြောင့် ဖြစ်ပါသည်။ ECB ၏ အတိုးနှုန်းတိုးမြှင့်မှုသည် အမေရိကန်နိုင်ငံနှင့်အခြားဖွံ့ဖြိုးပြီးနိုင်ငံများတွင် တိုးမြှင့်မှုထက် နောက်ကျနေလျက်ရှိကြောင်း ဝေဖန်ပြောဆိုမှုများရှိနေပါသည်။

ECB နှင့် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံများရှိဗဟိုဘဏ်များတွင် စီးပွားရေးတိုးတက်မှုရရှိရန်နှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် ထိန်းထားစေရန်ရည်ရွယ်၍ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကြပ်အတည်းကာလပြီး နောက်ပိုင်း ကာလများမှစတင်၍ အတိုးနှုန်းကို သုညရာခိုင်နှုန်းဝန်းကျင်တွင်ထားရှိခဲ့ကြရာ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေး ဖောင်းပွမှု နှုန်းများကို ထိခိုက်မှုမရှိစေဘဲ ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ် ရောဂါဖြစ်ပွားခြင်းနှင့် နိုင်ငံရေး၊

စီးပွားရေးအကြပ်အတည်းကာလများအတွင်း ယခင်ကဲ့သို့ ထိန်းညှိနိုင်ခြင်းမရှိဘဲ အတိုးနှုန်းများမြင့်တင်လာရသည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

ဂျာမန်ဖက်ဒရယ်ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က ပါလီမန်၌ မိမိတို့တွင် စီးပွားရေးအရ ကြီးမားသည့် စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရသည့် အခြေအနေဖြစ်ကြောင်း၊ ဦးစွာငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ကျစေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ECB President Ms.Christine Lagarde ကလည်း နောက်ထပ်အစည်းအဝေးများစွာပြုလုပ်၍ အတိုးနှုန်းမြင့်တင်ရေးအတွက် ဆွေးနွေးသွားရန်ရှိကြောင်း၊ မူလရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်း အတိုင်းပြန်ရောက်ရန်လိုအပ်ကြောင်း၊ ယူရိုဇုန်ဒေသစီးပွားရေးမှာ ကျဆင်းလာနေပြီး ယခုနှစ်ကုန်ပိုင်းနှင့် ၂၀၂၃ ခုနှစ် အစောပိုင်းကာလများတွင် ရပ်တန့်နေမည့် အလားအလာတွင်ရှိနေကြောင်း ပြောဆိုခဲ့ပါသည်။ ယူရိုဇုန်စီးပွားရေး တိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ် အတွက် ၃.၁ ရာခိုင်နှုန်း၊ ၂၀၂၃ခုနှစ်တွင် ၀.၉ ရာခိုင်နှုန်းနှင့် ၂၀၂၄ခုနှစ်တွင် ၁.၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.dw.com/en/european-central-bank-hikes-interest-rates-by-75-basis-points/a-63056854**

## STOCK EXCHANGE (15.9.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 1,281 | 11,402,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,300 | 3,150 | 6,381 | 20,649,950 | 38,929,150 | 122,627 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 5 | 39,000 | 10,400,986 | 81,128 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 0 | 0 | 2,472,053 | 50,677 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,750 | 2,750 | 2,700 | 6 | 16,250 | 19,977,223 | 53,939 |
| AMATA | 00007 | 5,500 | +0 | +0.00% | 5,500 | 5,500 | 5,500 | 0 | 0 | 10,497,598 | 57,737 |

### Market summary

As of 15th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.48 | +0.55 | +0.14% | 399.93 | 405.80 | 399.93 | 7,673 | 32,108,100 | 7 | 696,689 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 15th Sep. 2022

| MYANPIX | 400.48<br>▲ 0.55 |
|---|---|
| Total Volume (shares) | 7,673 |
| Total Value (MMK) | 32 mil |
| Listed Company | 7 |
| Market Cap. (MMK) | 696,689 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 5,500 | ▲ 0 |

TIR